**CHIN NATIONAL FRONT**
**General Headquarters**
**CHINLAND**
http://www.chinland.org

# ချင်းအမျိုးသားနေ့နှင့် ယနေ့ချင်းအမျိုးသားရေး တာဝန်

ဤကနေ့တွင် ကျရောက်သည့် ချင်းအမျိုးသားနေ့သည် ၅၈ နှစ်မြောက်သို့ပင် ရောက်ရှိနေပြီဖြစ်သော်လည်း ချင်းအမျိုးသားအားလုံး၏ နှလုံးသားထဲတွင် သစ်လွင်တောက်ပလျှက်ရှိသည်။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သောရာစုနှစ်ဝက်ကျော်က ချင်းပြည်အနယ်နယ်အရပ်ရပ်ကို ကိုယ်စားပြုသည့် ချင်းပြည်သူလူထု ၅၀၀၀ ကျော်စုစည်းကာ မြေရှင်ပဒေသရစ်စနစ်ကို ချုပ်ငြိမ်းစေပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တညီတညွတ် ရွေးချယ်ခဲ့ကြသည့် သမိုင်းဝင်နေ့ထူးနေ့မြတ် ဖြစ်သည့်အပြင်၊ ချင်းပြည်သူလူထုကရွေးချယ်ခဲ့ကြသည့် ဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရေးအတွက် ချင်းပြည်သူများ တရားသည့် အမျိုးသား တော်လှန်ရေးတိုက်ပွဲ ဆင်နွဲနေသော ကာလဖြစ်နေသောကြောင့် ဖြစ်ပေသည်။

လွန်ခဲ့သောရာစုနှစ်ဝက်ကျော်က ချင်းပြည်သူများ ရွေးချယ်ခဲ့ကြသည့် ဒီမိုကရေစီစနစ်သည် နယ်ချဲ့ဆန့်ကျင်ရေးကာလ၊ အမျိုးသားရေးလှုပ်ရှားမှု စတင်ပြုလုပ်သည့် အချိန်ကာလ ကတည်းက စတင်သန္ဓေတည်လာခဲ့ပြီး လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုစသည့် ဒီမိုကရေစီအခြေခံမှုများအပေါ်တွင် အခြေခံ၍ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရစက မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် "ဒီမိုကရေစီ" ဟူသောစကားလုံးကိုပင် မတွေ့ရသည့်အပြင် ထိုစဉ်အခါက မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် မြန်မာအမျိုးသားရေးဝါဒီများအနေဖြင့် အင်္ဂလိပ်နယ်ချဲ့မောင်းထုတ်ရေးနှင့် ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရေးကိုသာ အားစိုက်ခဲ့ကြသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို လက်တွေ့တည်ဆောက်သောအခါ သီအိုရီအရ ပြည်ထောင်စုစနစ်ဖြစ်ပြီး လက်တွေ့တွင် တပြည်ထောင်စနစ် ဖြစ်ခြင်းကြောင့် တပြည်ထောင်စနစ်နှင့် ဆက်နွယ်၍ကျင့်သုံးသည့် လူအုပ်ကြီးဒီမိုကရေစီစနစ်က တိုင်းရင်းသားပြည်သူများကို ရောင့်ရဲတင်းတိမ်မှုမပေးစွမ်းနိုင်ခဲ့ပေ။ ထို့ကြောင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းလာခဲ့ရခြင်းဖြစ်ပေသည်။ ချင်းပြည်သူများ မျှော်မှန်းခဲ့ကြသည့် ဒီမိုကရေစီစနစ်သည် တန်းတူမှုရှိသော ဖက်ဒရေပြည်ထောင်စုအတွင်း ကျင့်သုံးရမည့် ဒီမိုကရေစီစနစ် ဖြစ်သည်နှင့်အညီ ချင်းအမျိုးသားတို့အနေဖြင့် တောင်ကြီးညီလာခံတွင်၎င်း၊ ရန်ကုန်ပြည်လမ်းရှိ အသံလွှင့်ရုံခန်းမဆောင်၌ ကျင်းပသော ပြည်ထောင်စုစစ်စစ်မှုနှင့် ပတ်သက်သည့်ဆွေးနွေးပွဲများတွင်၎င်း၊ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်က၎င်း ဒီမိုကရေစီစနစ်နှင့် တန်းတူမှုရှိသော ဖက်ဒရေပြည်ထောင်စု တည်ဆောက်နိုင်ရေး အတွက် တစိုက်မတ်မတ်တောင်းဆို လုပ်ဆောင်လာခဲ့ကြပေသည်။ မဆလခေတ်၊ နဝတခေတ်၊ နအဖခေတ်၊ ခေတ်အဆက်ဆက် မိမိတို့ဘိုးဘွားများ၏ အမွေအနှစ်ဖြစ်သည့် ချင်းပြည်နှင့် ချင်းလူမျိုးများ၏ လွတ်လပ်မှု၊ တရားမျှတမှုနှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးပိုင်ခွင့်ကို အာမခံသည့် ဒီမိုကရေစီစနစ်နှင့် ၎င်းစနစ်ကိုကျင့်သုံးသည့် တန်းတူညီမျှမှုသော ဖက်ဒရေပြည်ထောင်စု တည်ဆောက်ရေး အတွက် ချင်းအမျိုးသားများအနေဖြင့် တောင်းဆိုတိုက်ပွဲဝင်ဆဲပင်ဖြစ်သည်။

ချင်းအမျိုးသားများ ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရန် သဘောတူလက်ခံရခြင်းသည် ပင်လုံစာချုပ်နှင့် ၎င်း၏ဂတိကဝတ်များက တန်းတူအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ့်ကြမ္မာကိုယ်

ဖန်တီးပိုင်ခွင့်ရှိရေးတို့ကို ဥပဒေစာချုပ်စာတမ်းအရ အာမခံချက်ပေးထားသောကြောင့် ဖြစ်သည်။ တန်းတူမှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် အပြည့်အဝရှိရေးအပေါ် အခြေခံကာတည်ဆောက်လာခဲ့သည့် ပြည်ထောင်စုသည် ယနေ့ လက်တွေ့တွင် တန်းတူမှုကင်းမဲ့ပြီး တိုင်းရင်းသားလူမျိုး တစုက ကျန်တိုင်းရင်းသားများအပေါ် မတရား စိုးမိုးချယ်လှယ် အုပ်ချုပ်နေရသဖြင့် တရားမျှတမှုကင်းမဲ့နေသည့်အပြင် ပြည်ထောင်စုပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲရေးဆီသို့ဦးတည်လာနိုင်ပေသည်။

ချင်းပြည်သူလူထုတရပ်လုံးကရွေးချယ် လက်ခံခဲ့ကြသည့် ဒီမိုကရေစီစနစ်ကို စစ်အာဏာရှင်စနစ်၊ လူမျိုးကြီးဝါဒကြီးစိုးသောစနစ်နှင့် စစ်တပ်နည်း စစ်တပ်ဟန် စည်းကမ်းရှိသော ဒီမိုကရေစီ စနစ်များဖြင့် အစားထိုးပြောင်းလဲကျင့်သုံးရန် နအဖ စစ်အစိုးရက ကြိုးပမ်းအားထုတ်နေ ခြင်းသည် ချင်းအမျိုးသားတို့၏ လွတ်လပ်စွာရွေးချယ်မှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို ဥပေက္ခာပြုလစ်လျူရှု နေခြင်းသာဖြစ်သည်။

ယနေ့ကာလသည် ချင်းအမျိုးသားတို့ ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် လွန်စွာအရေးကြီးသည့်ကာလဖြစ်သည့်အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုရေး နှစ်ခုလုံး ဆိတ်သုဉ်းနေသောကာလဖြစ်သည်။ တနည်းဆိုရပါက မိမိတို့နှစ်စဉ်ကျင်းပနေသည့် ချင်းအမျိုးသားနေ့ နှင့် ပြည်ထောင်စုနေ့များ ၏ တကယ့်အနှစ်သာရသည် မြန်မာနိုင်ငံအတွင်း၌ ပျောက်ဆုံးလျက်ရှိနေသော ကာလဖြစ်သည်။ ဤနေ့ရက်များတွင် ပြည်တွင်းပြည်ပ၌ တပျော်တပါး ဆင်နွှဲကျင်းပကြသည့် တချိန်တည်းတွင် ချင်းအမျိုးသားနေ့မှမွေးထုတ်ပေးခဲ့သော်လည်း ပျောက်ဆုံးလျက်ရှိနေသော ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး အတွက် အားအင်စုစည်းရမည့်နေ့၊ သံဓိဋ္ဌါန်ချမှတ်ရမည့်နေ့၊ နိုင်ငံရေးဦးတည်ချက်များ ချမှတ်ရမည့်နေ့များ ဖြစ်နေသည်ကို အမြဲသတိချပ်ရန် လိုအပ်ပေသည်။

လွန်ခဲ့သောရာစုနှစ်ဝက်ကျော်က ချင်းပြည်သူများ၏ စုစည်းညီညွတ်မှုအားဖြင့် မြေရှင်ပဒေသရာဇ်စနစ်ကို ချုပ်ငြိမ်းစေပြီး ဒီမိုကရေစီစနစ်ကျင့်သုံးရန် ချမှတ်နိုင်ခဲ့ခြင်းသည် တအုံတုံဆင်း ချင်းညီအစ်ကိုအားလုံး၏ အမျိုးသားရေးနိုးကြားမှုကြောင့်သာဖြစ်ပေသည်။ ခေတ်ဟောင်း စနစ်ဟောင်းအစား ခေတ်သစ် စနစ်သစ်ဖြင့် ချင်းအမျိုးသားတို့၏ အနာဂတ်ကို ပိုမိုကောင်းမွန်စွာ စီမံအုပ်ချုပ်နိုင်ရေး အတွက် အရေးကြီးသော အချိန်ကာလတွင် စုစည်းညီညွတ်ခဲ့ကြခြင်းဖြစ်သည်။ ယနေ့ကာလသည်လည်း စစ်အာဏာရှင်စနစ် ရှင်သန်ရပ်တည်နိုင်ရေးအတွက် စစ်အစိုးရမှ အတုအယောင်အမျိုးသားညီလာခံကိုကျင်းပနေသော အချိန်အခါဖြစ်ပေသည်။ ၄င်းအမျိုးသားညီလာခံမှချမှတ်ထားပြီးဖြစ်သော နိုင်ငံတော်အခြေခံမူများ သတ်မှတ်ရေးအတွက်ချမှတ်ခဲ့သည့် အခြေခံရမည့်မူများ (၁၀၄) ချက်နှင့် အသေးစိပ်အခြေခံရမည့်မူများသည် ချင်းအမျိုးသားနေ့မွေးဖွားပေးခဲ့သည့် ဖလမ်းညီလာခံ၌ ချင်းအမျိုးသားတို့ လိုလားမျှော်မှန်းခဲ့ကြသည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ဒီမိုကရေစီစနစ်၏ အခြေခံမူများနှင့် လုံးဝဆန့်ကျင်လျက်ရှိပြီး စစ်အာဏာရှင်စနစ် တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားလူမျိုးများ ပပျောက်ရေး အခြေခံမူများပင် ဖြစ်ပေသည်။

ထို့ကြောင့် ဘိုးဘွားများတည်ဆောက်ခဲ့သည့် လွတ်လပ်မှု၊ တရားမျှတမှုနှင့် တန်းတူညီမျှမှုကို အခြေခံသည့် စစ်မှန်သောဒီမိုကရေစီစနစ်ကို အခြေခံသည့် ဖက်ဒရေပြည်ထောင်စုမြန်မာနိုင်ငံတော် ပြန်လည်တည်ဆောက်နိုင်ရေးသည် ယနေ့ ချင်းအမျိုးသားများနှင့် ချင်းပြည်သူတို့၏ အမျိုးသားရေး တာဝန်တရပ်ဖြစ်ပေသည်။ ထိုအမျိုးသားရေးတာဝန်အား ထိထိရောက်ရောက် ပါဝင်ထမ်းဆောင် နိုင်ရေးအတွက် ချင်းအမျိုးသားတို့၏ စည်းလုံးညီညွတ်မှုကို အမြင့်မားဆုံးတည်ဆောက် ကြရမည့် အချိန်အခါလည်းဖြစ်ပေသည်။ မျိုးနွယ်စုအလိုက်၊ ဒေသအလိုက်စည်းလုံးညီညွတ်မှုတည် ဆောက် သည့်အဆင့်မှ ချင်းတမျိုးသားလုံးစုစည်းညီညွတ်မှုကို အမိအရတည်ဆောက်ကြသည့် အဆင့်သို့ တက်လှမ်းရေးသည် အမျိုးသားရေးတာဝန် ထိထိရောက်ရောက် ပါဝင်ထမ်းဆောင်နိုင်ရေး အတွက် အဓိကလိုအပ်သည့် အခြေခံအကြောင်းတရားဖြစ်နေပေသည်။ ၅၈ နှစ်တိုင်ပြီဖြစ်သော ချင်းအမျိုးသားတို့၏ စည်းလုံးမှု ပြသခဲ့သည့် ဘိုးဘွားများ၏ စံနမူနာကောင်းကို အလေးထားဂုဏ်ပြု လျက် ချင်းအမျိုးသားများနှင့် ချင်းပြည်သူတို့ လိုလားတောင့်တနေသည့် ဒီမိုကရေစီစနစ် တည်ဆောက်ရေးနှင့် တန်းတူမှုရှိသော ဖက်ဒရေပြည်ထောင်စုတည်ဆောက်ရေး လှုပ်ရှားမှုများတွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြပါရန် ၅၈ နှစ်မြောက်ချင်းအမျိုးသားနေ့အား ဂုဏ်ပြုရင်း တိုက်တွန်းရေးသား လိုက်ရပေသည်။

**သတင်းနှင့် ပြန်ကြားရေးဌာန**
**ချင်းအမျိုးသားတပ်ဦး**
**၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့**